Cotton Spinning & Weaving Factory Board Act 1950

(Act No. XXII of 1950).

# ၁၉၅၀ ပြည့်နှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံအတွက် ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့တခု ဖွဲ့စည်းရန် ပြဋ္ဌာန်းသင့်သည် ဖြစ်သောကြောင့်တကြောင်း၊ ချည်မျှင်အမျိုးမျိုးကိုရင်း၊ အထည်များကိုရင်း၊ ပြုလုပ်ခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းမှစ၍၊ အခြားကိစ္စအချို့နှင့်ပတ်သက်သည့် အလုပ်ဝတ်တရားများကို ထိုအဖွဲ့က ဆောင်ရွက်ရန် ပြဋ္ဌာန်းသင့်သည် ဖြစ်သောကြောင့် တကြောင်း၊ ထို့ပြင် အဆိုပါကိစ္စများနှင့် သက်ဆိုင်သည့် အခြားကိစ္စများအတွက်လည်း ပြဋ္ဌာန်းသင့်သည်ဖြစ်သောကြောင့်တကြောင်း၊ ထိုအကြောင်းများကြောင့်—

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### မကားချီး။

အမည်တိုနှင့်စတည်ရန် နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတက အမိန့် ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ်သည့် နေ့ရက်တွင် အာဏာတည်ရမည်။

အဓိပ္ပါယ် ဖော်ပြချက်များ။

၂။ ။(၁) ဤအက်ဥပဒေတွင်၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်—

(က) ''အဖွဲ့''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသောချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့ကိုဆိုလိုသည်။

(ခ) ''ပြဋ္ဌာန်းသည့်'' ဆိုသည်မှာ၊ အက်ဥပဒေဖြင့်သော်၎င်း၊ ဤအက်ဥပဒေအရပြုလုပ်သည့် စည်းကမ်းဥပဒေများ ဖြင့်သော်၎င်း ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

## အခန်း ၂။

### ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့။

ချည်မျှင်နှင့်အထည်စက်ရုံ အဖွဲ့ ဖွဲ့စည်းခြင်း။

၃။ ။(၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ခေါ် အဖွဲ့တခု ဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌတဦး၊ ထို့ပြင် နိုင်ငံတော်သမတက အခါအားလျော်စွာ ညွှန်ကြားသည့် အတိုင်း၊ အဖွဲ့ဝင်လူကြီးဦးရေအနည်းဆုံးခုနစ်ဦး အများဆုံးကိုးဦးပါဝင်၍၊ ထိုအဖွဲ့ဝင်လူကြီးများ အနက်တဦးမှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တဦးဖြစ်ရမည်။

Price,—Annas 0-3-0.]

(၂) ထိုအဖွဲ့သည် တရားဝင်အဖွဲ့ဖြစ်ရမည့်အပြင်၊ စဉ်ဆက်မပြတ် ဆက်ခံနိုင်၍ အဖွဲ့ပိုင်တံဆိပ်တခုရှိရမည်။ ထို့ပြင် အဖွဲ့သည်ချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည့်အပြင်၊ အဖွဲ့ ဖွဲ့စည်းခြင်း၏ရည်ရွယ်ချက် အထမြောက်ရန် လိုအပ်သည့်ကိစ္စအားလုံးကိုလည်း ဆောင်ရွက်နိုင်သည့် အာဏာရှိရမည်။

ရာထူးသက်တမ်း။

၄။ ။(၁) အဖွဲ့ဝင်လူကြီးတဦးသည်၊ သုံးနှစ်တိုင်တိုင်ရာထူး၌ထမ်းရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုအဖွဲ့ဝင်လူကြီးကို ပြန်လည်ခန့်ထားနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် ရာထူးသက်တမ်းစေ့ကုန်စေကာမူ၊ ထိုသို့ရာထူးသက်တမ်းစေ့ကုန်၍၊ လစ်လပ်သောနေရာတွင် ထပ်မံခန့်ထားခြင်းမရှိသေးမီ၊ လက်ရှိထမ်းရွက်နေသောအဖွဲ့ဝင်လူကြီးများသည်၊ ထိုရာထူးများ၌ဆက်လက်ထမ်းရွက်ရမည်။ သို့သော် လစ်လပ်သောနေရာကိုမြောက်လထက်ပို၍ လူစားမခန့်ဘဲမထားရ။

ရံဖန်ရံခါ လစ်လပ်သောနေရာများ။

၅။ ။(၁) ရံဖန်ရံခါလစ်လပ်သောနေရာတွင် ခန့်ထားခြင်းခံရသည့်အဖွဲ့ဝင်လူကြီးသည်၊ ထိုနေရာသာ မလစ်လပ်ပါမူ၊ ထိုနေရာတွင်ယခင် အဖွဲ့ဝင်လူကြီး ထမ်းရွက်နိုင်မည် ဖြစ်သည့် ကျန်ကာလမျှသာ ထမ်းရွက်ရမည်။

(၂) အဖွဲ့တွင်နေရာလစ်လပ်ခြားသော်လည်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးတဦးတယောက်ခန့်ထားရာ၌ ချို့ယွင်းချက်ရှိခြားသော်လည်း၊ အဖွဲ့ဆိုင်ရာ ဆောင်ရွက်ချက်များသည် အထည်ဖြစ်ရမည်။

အဖွဲ့ဝင်လူကြီးများကို နုတ်ပယ်ခြင်း။

၆။ ။(၁) မည်သည့်အဖွဲ့ဝင်လူကြီးမဆို—

(က) အဖွဲ့ဝင် လူကြီးအဖြစ် မဆောင်ရွက်လိုဟုငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးအဖြစ်မစွမ်းဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမွဲအဖြစ် ဆုံးဖြတ်ကျေညာခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော်သမတ၏ထင်မြင်ချက်အရ အဖွဲ့ဝင်လူကြီး အဖြစ် ဆက်လက်ဆောင်ရွက်ရန် မလျော်ကန်လောက်အောင် အကျင့်စာရိတ္တပျက်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်ခံရလျှင်၊ သို့တည်းမဟုတ် အကျင့်စာရိတ္တပျက်ကြောင်း ဂုဏ်ဝတ်ရုံးတခုခုက အမိန့်ချမှတ်ခံရလျှင်၊ သို့တည်းမဟုတ်

(ဃ) လုံလောက်သောအကြောင်းပြချက်မရှိသည့်ပြင် အဖွဲ့၏သဘောတူညီချက်လည်းမရရှိဘဲ၊ ပုဒ်မ ၇ (၁) အရ၊ ကျင်းပသော အစည်းအဝေးများသို့ တဆက်တည်း သုံးကြိမ်ထက်ပို၍မတက်ဘဲ နေလျှင်၊ သို့တည်းမဟုတ်

(င) ပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ်

(စ) အဖွဲ့ဝင်လူကြီး၏ အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်စွမ်းလျှင်၊ သို့တည်းမဟုတ် မသင့်တော်လျှင်၊

နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ ယင်းအဖွဲ့ဝင်လူကြီး၏ ရာထူးသည်လစ်လပ်သည်ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသောအခါ၊ ထိုသူ၏ ရာထူးသည်လစ်လပ်ရမည်။

(၂) ထိုသို့မိမိ၏ရာထူးလစ်လပ်သည်ဟု ကြေညာခြင်းခံရသူကို မည်သည့်ကာလ အတွင်း ပြန်လည်ခန့်ထားခြင်း မပြုစေရဟု နိုင်ငံတော်သမ္မတက၊ ကာလအပိုင်းအခြား သတ်မှတ်နိုင်သည်။

**အစည်းအဝေးများ။**

၇။ ။(၁) အဖွဲ့သည် အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ မှန်မှန် တလလျှင် အနည်းဆုံးတကြိမ်အစည်းအဝေးကျင်းပရမည်။ လစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို ဥက္ကဋ္ဌ၏ အမိန့်ဖြင့် ပယ်ဖျက်နိုင်သည်။ သို့သော် လစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို နှစ်ကြိမ်ဆက်၍ ပယ်ဖျက်ခြင်းမပြုရ။

(၂) ဥက္ကဋ္ဌ၏ အမိန့်ဖြင့်သော်၎င်း၊ အဖွဲ့ဝင်လူကြီးအနည်းဆုံးသုံးဦးက လက်မှတ်ရေးထိုးသောစာဖြင့် အစည်းအဝေးကျင်းပလိုသည့် ကိစ္စကိုဖေါ်ပြ၍အစည်းအဝေး ခေါ်ပေးရန် တောင်းဆိုသောအခါသော်၎င်း၊ အဖွဲ့၏အထူးအစည်းအဝေးများကို မည်သည့်အချိန်အခါ၌မဆိုကျင်းပနိုင်သည်။

(၃) ကိစ္စတခုကို စဉ်းစားဆင်ခြင်ရန် ခေါ်သောအစည်းအဝေး၌ ထိုကိစ္စမှ တပါး အခြားမည်သည့် ကိစ္စကိုမျှ မဆောင်ရွက်ရ။

**အစည်းအဝေး အထမြောက်ရေးအတွက်လိုအပ်သော အဖွဲ့ဝင် လူကြီး ဦးရေ။**

၈။ ။ကိစ္စကိုဆောင်ရွက်ရန် အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သော အဖွဲ့ဝင်လူကြီးဦးရေသည်၊ အကယ်၍ အဖွဲ့ဝင်လူကြီး ကိုးယောက်ဖြစ်လျှင်၊ သို့တည်းမဟုတ် ကိုးယောက်အောက် လျော့လျှင်၊ လေးဦးဖြစ်ရမည်။ အဖွဲ့ဝင်လူကြီး ကိုးယောက်ပိုလျှင်၊ ငါးဦးဖြစ်ရမည်။ သို့သော်အဖွဲ့၏ မှုခင်းကိစ္စများ ဆောင်ရွက်ရာတွင် မဲမပေးရဟူ၍သော်၎င်း၊ ပါဝင် ဆောင်ရွက်ခြင်းမပြုရဟူ၍သော်၎င်း၊ နောက်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တားမြစ်ခြင်းခံရသော မည်သည့်အဖွဲ့ဝင်လူကြီးကိုမျှ၊ ထိုမှုခင်းကိစ္စများနှင့် စပ်လျဉ်း၍၊ အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သော အဖွဲ့ဝင်လူကြီးဦးရေတွင် ထည့်သွင်းရေတွက်ခြင်းမပြုရ။

**အစည်းအဝေးသဘာပတိ။**

၉။ ။ဥက္ကဋ္ဌသည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ၊ ရောက်ရှိနေသော အဖွဲ့ဝင်လူကြီးများသည် မိမိတို့အထဲမှ အဖွဲ့ဝင်လူကြီးတဦးကိုအစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၁၀။ ။အဖွဲ့အစည်းအဝေးသို့ ရောက်ရှိသည့်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအဝေး၌ ပေါ်ပေါက်သည့်ပြဿနာများကို၊ အစည်းအဝေး၌ ဆုံးဖြတ်ရာတွင် တက်ရောက်

သောအဖွဲ့ဝင်လူကြီးများ၏မဲဖြင့် များရာအတိုင်းဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေသောအခါ၊ အစည်းအဝေး၏သဘာပတိအဖြစ် ဆောင်ရွက်နေသူက၊ ဒုတိယမဲ၊ သို့တည်းမဟုတ် ဆုံးဖြတ်မဲပေးနိုင်ရမည်။

**ခရီးစရိတ်နှင့် အခြားစရိတ်များ။**

၁၁။ ။အဖွဲ့ဝင်လူကြီးများအား၊ အစည်းအဝေးများသို့ တက်ရောက်ရသည့်အတွက်သော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အဖွဲ့က ထိုလူကြီးတို့အား လွှဲအပ်ထားသည့် အလုပ်ဝတ္တရားကို ဆောင်ရွက်ရသည့် အတွက်သော်၎င်း၊ ပြဋ္ဌာန်းထားသည့် ခရီးစရိတ်များနှင့် အခြားစရိတ်များကို ပြဋ္ဌာန်းထားသည့်နှုန်းများဖြင့် ပြဋ္ဌာန်းထားသည့်စည်းကမ်းများနှင့် အညီပေးရမည်။

**ငွေရေး ကြေးရေး နှင့် ပတ်သက်၍ အဖွဲ့ဝင်လူကြီးတို့၏ အကျိုး ခံစားခွင့်ကို ထုတ်ဖေါ်ပြောဆိုရခြင်း။**

၁၂။ ။(၁) အဖွဲ့ဝင် လူကြီး တဦးသည် ပဋိညာဉ်တခုခုတွင် ဖြစ်စေ၊ စီမံထားသည့် ပဋိညာဉ်တခုခုတွင်ဖြစ်စေ၊ အခြားကိစ္စတခုခုတွင် ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးခံစားခွင့်ရှိလျက်၊ ထိုပဋိညာဉ်ကို၊ သို့တည်းမဟုတ် အခြားကိစ္စကိုစဉ်းစားလျက်ရှိသော အဖွဲ့အစည်းအဝေး၌၊ သို့တည်းမဟုတ် အဖွဲ့၏ကော်မီတီအစည်းအဝေး၌ ရောက်ရှိနေလျှင်၊ ထိုသို့အကျိုးခံစားခွင့်ရှိကြောင်းကို အစည်းအဝေးစပြီးနောက် လျင်မြန်နိုင်သမျှ လျင်မြန်စွာ ထိုအစည်းအဝေး၌ပင် ထုတ်ဖေါ်ပြောဆိုရမည်။ ထို့ပြင် ထိုအဖွဲ့ဝင်လူကြီးသည် ထိုပဋိညာဉ်နှင့်ဖြစ်စေ၊ ထိုကိစ္စနှင့်ဖြစ်စေ သက်ဆိုင်သော မည်သည့်ပြဿနာကိုမဆို စဉ်းစားရာ၌သော်၎င်း၊ ဆွေးနွေးရာ၌သော်၎င်း၊ မဲပေးရာ၌သော်၎င်း ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ထို့ပြင် ထိုပဋိညာဉ်ကို၊ သို့တည်းမဟုတ် ထိုကိစ္စကိုစဉ်းစားနေရာ၌ အစည်းအဝေးမှထွက်ခွါသွားရမည်။

(၂) အဖွဲ့ဥက္ကဋ္ဌမှတပါး၊ အခြား အဖွဲ့ဝင် လူကြီးတဦးဦးတယောက်၌ အကျိုးခံစားခွင့်ရှိမရှိဆုံးဖြတ်ရန်ပြဿနာပေါ်ပေါက်လျှင်၊ အဖွဲ့ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်မှာ အပြီးအပြတ်အတည်ဖြစ်ရမည်။ အဖွဲ့ဥက္ကဋ္ဌနှင့်ပတ်သက်၍ထိုသို့သောပြဿနာပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမတ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၃။ ။အဖွဲ့၏ အစည်းအဝေးမှတ်တမ်း မိတ္တူများကို နိုင်ငံတော်သမတသို့ တတ်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

**ကော်မီတီများ ခန့်ရန် အာဏာ။**

၁၄။ ။(၁) သာမန်ကိစ္စအတွက် သော်၎င်း၊ အထူးကိစ္စအတွက်သော်၎င်း အဖွဲ့ဝင်လူကြီးများအနည်းဆုံးသုံးဦးပါဝင်သည့် မည်သည့်ကော်မီတီကိုမဆိုအဖွဲ့ကခန့်ထားနိုင်သည်။ ထိုကော်မီတီသည် မိမိအားအဖွဲ့ကလွှဲအပ်သည့် အဖွဲ့၏အာဏာများ၊ တာဝန်ဝတ္တရားများနှင့်အလုပ်ဝတ္တရားများကို အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍ သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့ကလွှဲအပ်သည့် တာဝန် ဝတ္တရားများကိုအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ဝင်လူကြီး သုံးဦးအောက် မနည်း ပါဝင်သော အထူးကော်မီတီများကိုခန့်ရန် အဖွဲ့၌အာဏာရှိရမည်။ ထိုကော်မီတီများ၌လည်း ကော်မီတီလူကြီးများ ထပ်ဖြည့်ရန်အာဏာရှိရမည်။

ဆွေးနွေး တိုင်ပင်အပ်သူများ ဘိတ်ခေါ်ရန် အာဏာ။

၁၅။ ။အဖွဲ့၌ဖြစ်စေ၊ အဖွဲ့ကခန့်ထားသည့် ကော်မီတီ၌ဖြစ်စေ အထူးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်ရန်အလို့ငှါ၊ ထိုကိစ္စတွင် အကြံဉာဏ် ပေးနိုင်သော အထူးအရည်အချင်း ရှိသူကို သော်၎င်း၊ ဆိုင်ရာ အရပ်ဒေသ၏ အခြေအနေများကို ကောင်းစွာ သိကျွမ်းနားလည်သူကိုသော်၎င်း ဘိတ်ခေါ်ရန် အာဏာရှိရမည်။ ထိုသူတို့အားအဖွဲ့က ပြဋ္ဌာန်းသည့်အခငွေ၊သို့တည်းမဟုတ် ဥာဏ်ပူဇော်ခ၊သို့တည်းမဟုတ် ခရီးစရိတ်၊သို့တည်းမဟုတ် အခြားစရိတ်ပေးနိုင်သည်။

သို့သော် ၄င်းပုဒ်မအရ ဘိတ်ခေါ်ထားသူမှာ၊မဲဆန္ဒ ပေးနိုင်သည့် အခွင့်အရေး မရှိစေရ။

စည်းကမ်းဥပဒေများပြုလုပ်ရန်အဖွဲ့၏ အာဏာ။

၁၆။ ။အောက်ပါ ကိစ္စများနှင့် ပတ်သက်၍၊ အဖွဲ့သည် နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍ ဤအက်ဥပဒေနှင့် မဆန့်ကျင်သောစည်းကမ်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) အဖွဲ့၏ အစည်းအဝေးများ ကျင်းပမည့် အချိန်နှင့်ဌာနရာဌာန။

(ခ) အစည်းအဝေးများကျင်းပမည်ကို အကြောင်းကြားသည့် နည်းလမ်း။

(ဂ) အစည်းအဝေးများတွင် မှုခင်းကိစ္စများဆောင်ရွက်ခြင်း။

(ဃ) မှုခင်းကိစ္စ မှတ်တမ်းများကို သိမ်းထားခြင်းနှင့် စစ်ဆေးကြည့်ရှုရန် အတွက်တင်ပြခြင်း။

(င) အဖွဲ့ဝင်ပုဂ္ဂိုလ်များအချင်းချင်း တာဝန်ဝတ်တရားခွဲဝေခြင်း။

(စ) ပုဒ်မ ၁၄ အရ ခန့်နိုင်သည့်ကော်မီတီများခန့်ထားခြင်း၊ ကော်မီတီများ၏တာဝန် ဝတ်တရားများနှင့် ကော်မီတီများ လိုက်နာ ဆောင်ရွက်ရန်နည်းလမ်း၊ ဆို့ပြင်

(ဆ) ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်ထားသူတို့အားပေးရမည့် ခရီးစရိတ်များနှင့်အခြားစရိတ်များ။

## အခန်း ၃။

## အဖွဲ့ဆိုင်ရာအရာရှိများနှင့်အမှုထမ်းများ။

အရာရှိများနှင့် အမှုထမ်းများဆိုင်ရာစာရင်းများ။

၁၇။ ။(၁) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ထားရန်လိုအပ်သည်ဟု အဖွဲ့က ထင်မြင်သော၊ သို့တည်းမဟုတ် ထားရန်သင့်သည်ဟုအဖွဲ့က ထင်မြင်သော အရာထမ်း အမှုထမ်းစာရင်းများကို အခါအားလျော်စွာအဖွဲ့ကစီစဉ်ရေးသား၍ခွင့်ပြုရမည်။

သို့သော် လက်မှုပညာသည်များ၊ မကျွမ်းကျင်သော အလုပ်ကြမ်းသမားများနှင့် ကူလီခေါင်းများသည်၊ ဤအခန်းတွင် ဖော်ပြထားသောအရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်သည်ဟူ၍မမှတ်ယူရ။

(၂) ဆိုခဲ့သည့်အရာရှိ အသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီးအတွက်သော်၎င်း၊ အဖွဲ့ကတင်သွင်းမှု ပြုသည့်လစာများ၊ အခငွေများနှင့် စရိတ်များ၏ အရေအတွက်နှင့် အမျိုးအစားကို ထိုစာရင်းများတွင် ဖော်ပြရမည်။

(၃) အဖွဲ့ကနောက်ဆုံးခွင့်ပြုထားသည့် စာရင်းအားလုံးကို ပုဒ်မ ၂၈ အရ ပြုလုပ်ထားသည့် နှစ်စဉ် ရ သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမတ၏သဘောတူညီချက်ရရှိရန်အလို့ငှါတင်ပြရမည်။

၁၈။ ။အဖွဲ့သည်၊အခါအားလျော်စွာ အောက်ပါကိစ္စများအတွက် စည်းကမ်းဥပဒေများပြုလုပ်နိုင်သည်။

အရာရှိများ၊ အမှုထမ်းများနှင့်ပတ်သက်သည့်စည်းကမ်းဥပဒေများ။

(က) အဖွဲ့ဝင်လူကြီးများ ခရီးစရိတ်နှင့် အခြားစရိတ်များပေးခွင့်ပြုရန်အတွက်။

(ခ) အဖွဲ့ဆိုင်ရာအရာရှိများနှင့်အမှုထမ်းများအား အားလပ်ခွင့်ပေးခြင်းနှင့်ပတ်သက်၍ သတ်မှတ်ရန်အတွက်။

(ဂ) အခွင့်နှင့်နေသောအရာရှိများနှင့် အမှုထမ်းများအား စရိတ်ပေးခွင့်ပြုရန်အတွက်။

(ဃ) အခွင့်နှင့်နေသော အရာရှိများနှင့် အမှုထမ်းများအား ဆောင်ရွက်ရန်ခန့်ထားသူတို့အားပေးရမည့်အခငွေကိုသတ်မှတ်ရန်အတွက်။

(င) ထိုအရာရှိနှင့် အမှုထမ်းအားလုံးထမ်းရွက်ရမည့် ကာလအပိုင်းအခြားနှင့်အခြားစည်းကမ်းချက်များသတ်မှတ်ရန်အတွက်။

(စ) ထိုအရာရှိများနှင့် အမှုထမ်းများ ပင်စင်ယူသောအခါ ရရှိမည့်ပင်စင်လစာများ၊ဆုငွေများ၊သို့တည်းမဟုတ် ကရုဏာကြေးများနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ရန်အတွက်နှင့်ထိုပင်စင်လစာများဆုငွေများနှင့် ကရုဏာကြေးများမည်၍မည်မျှပေးရမည်ကိုသတ်မှတ်ရန်အတွက်။

(ဆ) အိုနာစာရိပုံငွေ၊ သို့တည်းမဟုတ် ပင်စင်လစာရံပုံငွေကို တည်ထောင်ထားရှိရန်အတွက်၊ထို့ပြင်ထိုရံပုံငွေနှင့်ပတ်သက်၍—

(၁) (အစိုးရအရာရှိ မဟုတ်သော) ဆိုခဲ့သည့်အရာရှိ အားလုံး၊ သို့တည်းမဟုတ် တဦးတယောက်အား ထိုရံပုံငွေသို့ထည့်သွင်းအောင် အတင်းအကြပ်ပြုလုပ်ရန်အတွက်၊ ထို့ပြင်ရံပုံငွေသို့ထည့်သွင်းရမည့်ငွေကို အရာရှိများ၏၊ သို့တည်းမဟုတ် အမှုထမ်းများ၏ လစာအခကြေးငွေများထဲမှ နုတ်ယူဘို့ ပြဋ္ဌာန်းရန်လိုလျှင်၊ ပြဋ္ဌာန်းရန်အတွက်၊

(၂) ထိုရံပုံငွေမှငွေထုတ်ပေးရန် စည်းကမ်းချက်များနှင့် ထိုသို့ငွေထုတ်ပေးခြင်းဖြင့် ရံပုံငွေမှနောက်ထပ်ပေးရန် တာဝန်ကင်းလွတ်စေသည့်စည်းကမ်းချက်များသတ်မှတ်ရန်အတွက်၊

(၃) ထိုရံပုံငွေနှင့်ယှဉ်သော်ငြားလည်း ထိုရံပုံငွေသို့ငွေထည့်သွင်းခြင်းနှင့်သော်၎င်း၊ ထိုရံပုံငွေမှ ငွေရလိုကြောင်းတောင်းဆိုချက်များနှင့် သော်၎င်း စပ်လျဉ်း၍ အဖွဲ့နှင့်အခြားသူများ၊ သို့တည်းမဟုတ်ရံပုံငွေမှအစုံ၊ သို့မဟုတ် အကျိုးခံစားခွင့်တောင်းဆိုသူ အချင်းချင်း အငြင်းအခုံ ဖြစ်ပွါးမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့်ဖြစ်စေဆုံးဖြတ်ဘို့ပြဋ္ဌာန်းရန်အတွက်၊

(၄) ထိုရံပုံငွေနှင့်၎င်း၊ ထိုရံပုံငွေမှထုတ်၍ ရင်းနှီးထားသည့်ငွေနှင့်၎င်း၊ စပ်လျဉ်းသည့်အခြားကိစ္စများကို သာမန်အားဖြင့်သတ်မှတ်ရန်အတွက်၊ထို့ပြင်

(ဇ) အဖွဲ့ကသော်၎င်း၊ အဖွဲ့၏ သဘောတူညီချက်နှင့်သော်၎င်း တည်ထောင်ထားသည့်အိုးနာဓာစာရိပုံငွေသို့၊ သို့တည်းမဟုတ်ပင်စင်လစာ ရံပုံငွေသို့ အဖွဲ့ပိုင်အခြားရံပုံငွေများမှ အဖွဲ့ကငွေထုတ်၍ထည့်သွင်းဘို့ပြဋ္ဌာန်းရန်အတွက်။

သို့သော်၍ပုဒ်မအရပြုလုပ်သည့်စည်းကမ်းဥပဒေကို နိုင်ငံတော်သမတက အတည်မပြုသေးမီ၊ ထိုစည်းကမ်းဥပဒေသည်အာဏာမတည်ရ။

အရာရှိ များနှင့် အမှုထမ်း များ ခန့် ထား ခြင်း စသည်များ။

၁၉။ ။(၁) ပုဒ်မ ၁၇ အရ ပြုလုပ်သည့်စာရင်းများရှိ အခါအားလျော်စွာ ခွင့်ပြုထားသော ရာထူးများအတွက် လိုအပ်သည့်အတိုင်း၊ အဖွဲ့ဆိုင်ရာ အရာရှိများနှင့် အမှုထမ်းများကို ခန့်နိုင်သည့်အာဏာ၊ ရာထူးတိုးမြှင့်ပေးနိုင်သည့်အာဏာ၊ ငွေဒဏ်တပ်နိုင်သည့်အာဏာနှင့် ရာထူးလျှော့ချထားနိုင်သည့်အာဏာကို ပုဒ်မ ၁၈ အရပြုလုပ်သည့်စည်းကမ်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ—

(က) တလလျှင် လစာငွေ သုံးရာငါးဆယ်ထက် ပိုရှိမရသော အရာရှိ၊ သို့တည်းမဟုတ် အမှုထမ်းဖြစ်လျှင်၊ ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့က ပြုလုပ်သည့် စည်းကမ်းဥပဒေအရ၊ ၎င်းကိစ္စအလို့ငှါ၊ ထိုစည်းကမ်းဥပဒေကိုမကျော်လွန်ဘဲသုံးစွဲရန် အခွင့်အာဏာ အထူးအပ်နှင်းထားသည့်အရာရှိကသော်၎င်း သုံးစွဲနိုင်သည်။ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ်အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့က ဆုံးဖြတ်သုံးစွဲနိုင်သည်။

(၂) ပုဒ်မ ၁၈ အရပြုလုပ်သည့် စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ထိုအရာရှိများနှင့် အမှုထမ်းများကို ရာထူးမှချထားနိုင်သည့်အာဏာ၊ သို့တည်းမဟုတ် ထုတ်ပယ်နိုင်သည့်အာဏာ၊ သို့တည်းမဟုတ် အားလပ်ခွင့်ပေးနိုင်သည့်အာဏာကို—

(က) တလလျှင် လစာငွေသုံးရာငါးဆယ်ထက် ပိုရှိမရသော အရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ ဥက္ကဋ္ဌက သုံးစွဲနိုင်သည်။ ထို့ပြင်

(ခ) အခြားအရာရှိများ၊ သို့တည်းမဟုတ် အမှုထမ်းများဖြစ်လျှင်၊ အဖွဲ့က ဆုံးဖြတ်သုံးစွဲနိုင်သည်။

သို့သော် ခေတ္တရာထူးမှချထားနိုင်သည့်အာဏာ၊ သို့တည်းမဟုတ် ဆယ်ငါးရက်ထက်မပိုသည့်အားလပ်ခွင့်ပေးနိုင်သည့်အာဏာကို မည်သည့်အချိန်တွင်မဆို ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့ကပြုလုပ်သည့် စည်းကမ်းဥပဒေအရ၊ ၎င်းကိစ္စအလို့ငှါ၊ ထိုစည်းကမ်းဥပဒေကို မကျော်လွန်ဘဲသုံးစွဲရန် အခွင့်အာဏာ အထူးအပ်နှင်းထားသည့် အရာရှိကသော်၎င်း သုံးစွဲနိုင်သည်။

ခေတ္တအမှုထမ်းအခန့်။

၂၀။ ။ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ တကြိမ်လျှင် သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက် လိုအပ်သည့် အရာရှိများနှင့် အမှုထမ်းများကိုခန့်ထားရန်အတွက်၊ အဖွဲ့၏ကြိုတင်သဘောတူညီချက်ကို ရယူရန်အချိန်မရှိဟု ဥက္ကဋ္ဌကယူဆလျှင်၊ ဥက္ကဋ္ဌသည်

ထိုအရာရှိများနှင့်အမှုထမ်းများကို ခေတ္တခန့်ထားနိုင်သည်။ သို့ရာတွင် ထိုခန့်ထားခြင်းကို နောက်ကျင်းပမည့်အစည်းအဝေးတွင် အဖွဲ့ကအတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

## အခန်း ၄။

### အဖွဲ့၏လုပ်ဝတ်တရားများနှင့်အာဏာများ

**အဖွဲ့၏ အဓိက အလုပ်ဝတ်တရားများ။**

၂၁။ စီးပွါးရေး လုပ်ငန်းသဘောဖြင့် ချည်မျှင်အမျိုးမျိုးကိုင်း၊ အထည်များကိုင်း ပြုလုပ်၍လက်လီဖြစ်စေ၊ လက်ကားဖြစ်စေ၊ ရောင်းချရန် အဖွဲ့၏တာဝန်ဖြစ်ရမည်။ ထို့ပြင် ထိုကိစ္စအတွက် အဖွဲ့က—

(က) ချည်မျှင်အမျိုးမျိုးကိုင်း၊ အထည်များကိုင်း ပြုလုပ်ရောင်းချရမည်။ ထို့ပြင်

(ခ) ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါ စက်မှုလက်မှုနှင့်အလုပ်သမားဌာနအမိန့်ကြော်ငြာစာအမှတ် ၁၀၉ အရဖွဲ့စည်းတည်ထောင်ထားသောချည်မျှင်နှင့် အထည်စက်ရုံအဖွဲ့၏အလုပ်ဝတ်တရားများကို အဖွဲ့ကလွှဲပြောင်းယူရမည်။

**အဖွဲ့၏ နောက်ထပ်အလုပ်ဝတ်တရားများ။**

၂၂။ အဖွဲ့တွင် အောက်ပါကိစ္စများကို ဖြစ်မြောက်အောင် ရွေ့ရှုဆောင်ရွက်နိုင်သည့်ဝါဒရှိရမည်။

(က) ချည်မျှင်အမျိုးမျိုးကိုင်း၊ အထည်များကိုင်း၊ စရိတ်သက်သာစွာနှင့်ပြုလုပ်သည့်နည်းလမ်း၊ ရောင်းချသည့်နည်းလမ်းနှင့် ဖြန့်ဖြူးသည့်နည်းလမ်းအားလုံးကိုအသုံးပြုခြင်း။

(ခ) အဖွဲ့၏လက်အောက်တွင်အမှုထမ်းရွက်နေသူများ၏သက်သာ ချောင်ချိရေး၊ ကျန်းမာရေး၊ ဘေးရန်ကင်းရှင်းရေးတို့ ဖြစ်စေရန်နှင့် ထိုသူတို့အား နေရာထိုင်ခင်းပေးရေးနှင့်အခြားအခွင့်အရေးအဝဝတို့ရအောင် ဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စိုက်ပျိုးသည့်ဝါများ၏အမျိုးအစားကိုတိုးတက်ကောင်းမွန်လာစေခြင်း၊ ချည်မျှင်အမျိုးမျိုးကိုင်း၊ အထည်များကိုင်း ပြုလုပ်ခြင်းနှင့် သက်ဆိုင်သောကိစ္စများနှင့် ပတ်သက်၍ စူးစမ်းရှာဖွေခြင်းနှင့် ထိုသို့စူးစမ်းရှာဖွေသူများကိုအကူအညီပေးခြင်း။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အမျိုးအစားပိုမိုကောင်းမွန်သောဝါများစိုက်ပျိုးခြင်းကိုင်း၊ စက်ရုံ၏စီးပွါးဖြစ် ဆောင်ရွက်သည့်စံနှုန်းနှင့်မဆန့်ကျင်စေဘဲ ထိုဝါမျိုးကိုစက်ရုံ၌အသုံးပြုခြင်းကိုင်း၊ အားပေးကူညီခြင်း။

(င) အဖွဲ့၏လက်အောက်တွင် လုပ်ကိုင်နေသူများ၏ အလုပ်ကျွမ်းကျင်မှုနှင့် နားလည်မှုတို့ တိုးတက်အောင်ပြုပြင်ပေးခြင်း၊ ထို့ပြင်နောင်အခါအဖွဲ့၏လက်အောက်၌ ခန့်ထားရန်အလို့ငှါ၊ သင့်တော်သောသူများအား အတတ်ပညာအလွယ်တကူလေ့လာသင်ကြားနိုင်ရန် စီမံပေးခြင်း။ ထို့ပြင်

(စ) အရောင်းအဝယ်ကောင်းသောနှစ်၊ အရောင်းအဝယ်မကောင်းသောနှစ်များအတွက် ပျမ်းမျှခြင်းအားဖြင့်ကုန်ကျသည့်စရိတ်အပေါ်၌ပုဒ်မ ၂၁ (၁) တွင်ဖော်ပြထားသည့်အတိုင်းပေးရန်ရှိသောငွေများကို ရာထားပြီးနောက်၊ ယင်းပျော်ဒသာအမြတ်အစွန်းထွက်ရန် လောင်ရှက်ခြင်း။

၂၃။ ။အဖွဲ့မှအောက်ဝါကိစ္စများကိုဆောင်ရွက်ရန် အာဏာရှိရမည်။

အဖွဲ့၏အာဏာများ။

(က) ချည်မျှင် အမျိုးမျိုးကိုင်ငင်း၊ အထည်များကိုင်ငင်း၊ ပြုလုပ်ခြင်း။

(ခ) ဤသို့ပြုလုပ်သည့်ကုန်များကိုအဖွဲ့၌အကျိုးအများဆုံးရှိစေမည့်နည်းစနစ်အရ ရောင်းချဖြန့်ဖြူးခြင်း၊ ထိုချည်မျှင် အမျိုးမျိုးနှင့် အထည်များကို ရောင်းချရန်ဆိုင်များနှင့်ပြခန်းများဖွင့်လှစ်ထားရှိခြင်း။

(ဂ) အဖွဲ့က မိမိ၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်သော်၎င်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍သော်၎င်း၊ ဤအက်ဥပဒေအရအဖွဲ့သို့အပ်နှင်းသည့် ပစ္စည်းများကို အကျိုးအများဆုံးရရှိအောင် အသုံးပြုရန်သော်၎င်း၊ လိုအပ်မည်၊ အကျိုးရှိမည် သို့တည်းမဟုတ် သင့်လျော်မည်ဟု အဖွဲ့ကထင်မြင်သဘောရရှိသော အခြားအလုပ်အကိုင်အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ဃ) အဖွဲ့၏တာဝန်ဝတ်တရားများနှင့်အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်လိုအပ်သည်ဟု အဖွဲ့ကယူဆသောမြေကို၊ သို့တည်းမဟုတ် ဖြတ်သန်းနိုင်သည့်အခွင့်အရေးကို အပိုင်၊ သို့တည်းမဟုတ် အငှါးသိမ်းယူခြင်း။

သို့သော်ထိုသို့ သိမ်းယူခြင်းသည်၊မည်သည့်အာဏာပိုင်၏အလုပ်အကိုင်ကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ပြည်သူ့အဖွဲ့၏ အလုပ်အကိုင်ကိုမျှ ထိခိုက်ခြင်းမရှိစေရ။

ယို့ပြင် ထိုသို့သိမ်းယူခြင်းဖြင့် အကျိုးပျက်စီးခံရသည့်အခြေစိုက်ပြီး ဖြစ်သောကုန်သွယ်လုပ်ငန်းအား၊ သို့တည်းမဟုတ် သာမန်ပုဂ္ဂိုလ်အား၊ သင့်တော်သော လျော်ကြေးပေးရမည်။

(င) အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို သင့်တော်စွာဆောင်ရွက်ရန်အတွက် မလိုသော ရင်းနှီးထားသည့် အဖွဲ့ပိုင် ပစ္စည်းအရပ်ရပ်ကို နိုင်ငံတော်သမတ၏ ခွင့်ပြုချက်ဖြင့် ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်ထုခွဲခြင်း။

(စ) အဖွဲ့၏တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုနေရာတကျဆောင်ရွက်ရန်အလို့ငှါ ပဋိညာဉ်စာချုပ်ချုပ်ခြင်း၊ သို့တည်းမဟုတ် အခြားနည်းအားဖြင့်စီမံခြင်း။ ထို့ပြင်

(ဆ) အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတခုခုအတွက်ဖြစ်စေ၊ စာရင်းရှိငွေထက်ပို၍ ဘဏ်တိုက်မှ ငွေထုတ်ယူခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့် ဘဏ်တိုက်မှ ငွေထုတ်ယူခြင်းဖြင့်သော်၎င်း၊ ငွေချေးလက်မှတ် (Stock) များထုတ်ခြင်းဖြင့်သော်၎င်း၊ နိုင်ငံတော် သမတ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော် သမတသတ်မှတ်သည့် စည်းကမ်းချက်များကိုလိုက်နာ၍ ငွေချေးယူခြင်း။

(၁) အလုပ်လုပ်ကိုင်ရန် ငွေရင်းရာထားခြင်း။

(၂) ငွေရင်းစာရင်းမှက ခံရန် သင့်သည့်အသုံးစရိတ်။

## အခန်း ၅။

### အဖွဲ့အတွက်မြေသိမ်းယူခြင်း။

မြေများသိမ်းယူခြင်း။

၂၄။ ။ဤအက်ဥပဒေပါ ကိစ္စများအတွက်၊ မည်သည့်မြေကိုမဆို အလိုရှိ၍ အဖွဲ့က လျှောက်ထားတောင်းသောအခါ၊ နိုင်ငံတော် သမတသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ မြေကိုသိမ်းယူရန်ဆောင်ရွက်နိုင်သည်။ ထို့ပြင် ထိုအက်ဥပဒေအရ၊ ဆုံးဖြတ်သည့်လျော်ကြေးကို အဖွဲ့ကပေးသောအခါ မြေကိုအဖွဲ့ကပိုင်ရမည်။

## အခန်း ၆။

### အရပ်ရပ်ဘဏ္ဍာရေးပြဋ္ဌာန်းချက်များ။

အဖွဲ့ရံပုံငွေ။

၂၅။ ။(၁) အဖွဲ့သည် ချည်မျှင်နှင့် အထည်စက်ရုံ အဖွဲ့ရံပုံငွေတရပ်ကိုထားရှိရမည်။ အဖွဲ့ကချေးယူထားသော ငွေများနှင့်တကွ အဖွဲ့ကရရှိသည့်ငွေအားလုံးကို ထိုရံပုံငွေသို့ထည့်သွင်း၍၊ အဖွဲ့ကပေးသောငွေအားလုံးကို ထိုရံပုံငွေထဲမှထုတ်ပေးရမည်။ ထိုရံပုံငွေပိုင်ငွေအားလုံးကို အဖွဲ့က နိုင်ငံတော် သမတ၏ တင်ကြိုသဘောတူညီချက်ဖြင့် ရွေးချယ်သည့် ဘဏ်တခုတွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

(၂) ပုဒ်မခွဲ (၁) အရ ဘဏ်တခုခုတွင်ထားသော၊ သို့တည်းမဟုတ် အပ်နှံထားသောရံပုံငွေ၏ တစိတ်တဒေသကိုမျှပင် အဖွဲ့ကပြဋ္ဌာန်းသောသူတယောက်၏၊ သို့တည်းမဟုတ် သူများ၏လက်မှတ်ဖြင့်မှတပါး၊ အခြားနည်းဖြင့်မထုတ်ယူရ။

အဖွဲ့၏ငွေများသုံးစွဲခြင်း။

၂၆။ ။(၁) အဖွဲ့ပိုင်ငွေများကို အောက်ဖော်ပြပါ ငွေများပေးရန်အတွက် သုံးစွဲရမည်။ အဖွဲ့ပိုင်ပစ္စည်းများမလုံလောက်လျှင်၊ ပေးရမည့်ငွေကို အောက်ပါအစီအစဉ်အတိုင်း အဆင့်အတန်းထား၍ ထုတ်ပေးရမည်။

(က) အဖွဲ့ကချေးယူသည့် ငွေနှင့်သော်၎င်း၊ အဖွဲ့ကပေးဆပ်ရန် တာဝန်ရှိသောချေးငွေနှင့်သော်၎င်း စပ်လျဉ်း၍ ပေးရန်ရှိသော အတိုးနှင့်ငွေရင်းအရစ်ကျ။

(ခ) အဖွဲ့၏ဥက္ကဋ္ဌကို၎င်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးများကို၎င်း၊ ဤအက်ဥပဒေအရ ခန့်ထားသည့်၊ သို့တည်းမဟုတ် ထားရှိသည့် အရာရှိများနှင့် အမှုထမ်းများကို၎င်း၊ သို့တည်းမဟုတ် အဖွဲ့သို့ငှါးထားသည့် အရာရှိများနှင့် အမှုထမ်းများကို၎င်း၊ ပေးရန်ရှိသောလစာများ၊ အ[illegible]ပြတ်များ၊ ပင်စင်လစာများ၊ ဆုငွေများ၊ ကရုဏာကြေးများ၊ သို့တည်းမဟုတ်အခြားငွေများ၊ ထို့ပြင်အငှါးရကအဖွဲ့သို့ငှါးထားသည့် အရာရှိတဦးတယောက်၏ပင်စင်လစာနှင့် အားလပ်ခွင့်စရိတ်အတွက် အစိုးရသို့ထောက်ပံ့ငွေများပေးရန်ရှိလျှင်၊ ထိုထောက်ပံ့ငွေများ၊ ထို့ပြင် ပုဒ်မ ၁၈ (ဆ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့်စည်းကမ်းဥပဒေများဖြင့် အိုနာစာရံပုံငွေသို့ထည့်သွင်းရန် နည်းလမ်းအတိုင်း ခွင့်ပြုလျှင်၊ ထိုသို့ထည့်သွင်းရန်ငွေများ။

(ဂ) အဖွဲ့ပိုင်ပစ္စည်းများကိုပြုပြင်ခြင်း၊ ပြုပြင်ထားရှိခြင်း၊ တန်ဘိုးယုတ်[illegible]ခြင်းနှင့် အသစ်လဲလှယ်ခြင်းအတွက်ကုန်ကျငွေ၊ ဘိုပစ္စည်းများအပေါ်၌ ကျသင့်လာသောစရိတ်များနှင့်အလုပ်အကိုင်စရိတ်များ။

(ဃ) ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အတွက် လိုအပ်သည့်စက်၊ အဆောက်အအုံ၊ အိမ်၊ သို့တည်းမဟုတ် အခြား အလုပ်အဆောင် ဘောဂလုပ်ရာ၌၊ သို့တည်းမဟုတ် ဂယ်ယူရာ၌ကုန်ကျသည့်စရိတ်။

(င) စာရင်းရှိငွေထက်ပို၍ဘဏ်မှထုတ်ယူသောငွေကိုဖြစ်စေ၊ ငွေချေးလက်မှတ် (Stock) များထုတ်၍ချေးယူသောငွေကိုဖြစ်စေ၊ ပေးဆပ်ရန်အလို့ငှါ၊ ပုဒ်မ ၂၃ (ဆ) အရ သတ်မှတ်သည့်စည်းကမ်းချက်များအရ ကြွေးမြီဆပ်ရန် သီးသန့် ရံပုံငွေသို့ လွှဲပြောင်းရန်သော်၎င်း၊ အခြားနည်းဖြင့် ဖယ်ထားရန်သော်၎င်း လိုအပ်သည့်ငွေ။ ထို့ပြင်

(စ) နိုင်ငံတော်သမတက အထူးခွင့်ပြုသည့်၊ သို့တည်းမဟုတ် အဖွဲ့ကတရားဥပဒေနှင့်အညီပေးရန်တာဝန်ရှိသည့်အခြားစရိတ်။

(၂) ဘဏ္ဍာရေးနှစ် တနှစ်နှစ်အကုန် အဖွဲ့၏ဝင်ငွေများထဲမှ ဒီထက်ပုဒ်မခွဲတွင်ရည်ညွှန်းသည့်စရိတ်များကိုကျခံပြီးနောက်၊ ကျန်ရှိသောငွေကို လွန်ခဲ့သည့်နှစ်မှ စာရင်းပြောင်းယူခဲ့သည့် ဝင်ငွေ၌လျော့နေသောငွေအတွက်အစားဖြည့်ရမည်။ ထို့ပြင် လျော့နေသောငွေအတွက် အစားဖြည့်ပြီးနောက် ဝင်ငွေမှ လက်ကျန်ငွေ ရှိသေးလျှင်၊ ယင်းလက်ကျန်ငွေကို ယင်းနှစ် ကုန်ဆုံးပြီးနောက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ အရပ်ရပ်သီးသန့်ငွေစာရင်းသို့ပြောင်းရမည်။

သို့သော် ထိုငွေစာရင်းရှိငွေပေါင်းသည်၊ အဖွဲ့၏လုပ်ငန်းတွင်ပါဝင်သော မတည်ပစ္စည်းများအတွက် အဖွဲ့၏ကုန်ကျစရိတ်၏တဝက်ထက်ပိုပြီးဖြစ်လျှင်၊ သို့တည်းမဟုတ် ဤပုဒ်မခွဲအရ စာရင်းပြောင်းသောကြောင့် ပိုမည်ဖြစ်လျှင်၊ ဆိုခဲ့သည့်လက်ကျန်ငွေ၏ တဝက်နှင့်ညီမျှသောငွေပေါင်းကို၊ သို့တည်းမဟုတ် ပိုမည်ဖြစ်သည့်ငွေ၏တဝက်နှင့်ညီမျှသောငွေပေါင်းကို၊ အရပ်ရပ်သီးသန့်ငွေစာရင်းသို့ပြောင်းမည့်အစား၊ အစိုးရအခွန်တော်သို့ပေးသွင်းရမည်။

(၃) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ၌၊ အရပ်ရပ်သီးသန့်ငွေစာရင်းရှိငွေများကို၊ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် ထိုနှစ်အတွက်စရိတ်အမျိုးမျိုးကို ကျခံရာ၌သော်၎င်း၊ လွန်ခဲ့သည့်နှစ်မှစာရင်းပြောင်းယူခဲ့သည့် ဝင်ငွေ၌လျော့နေသော ငွေများအနက်၊ ထိုနှစ်၏ဝင်ငွေသည်၊ ထိုစရိတ်များကိုကျခံရန်မလုံလောက်ဘဲလျော့နေသမျှကို၊ သို့တည်းမဟုတ် ထိုလျော့နေသောငွေများအတွက် အစားဖြည့်ရန်လိုသမျှငွေကို အစားဖြည့်ရာ၌သော်၎င်းအသုံးပြုနိုင်သည်။ ထို့ပြင် ထိုငွေများကို ထိုကဲ့သို့အသုံးမပြုရသေးမီ၊ အဖွဲ့၏လုပ်ငန်းတွင်အသုံးပြုနိုင်သည်၊ သို့တည်းမဟုတ် တခုခုတည်းဖြစ်သော နောက်ပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီရင်းနှီးထားနိုင်သည်။

၂၇။ ။အဖွဲ့သည်—

လက်ကျန် ငွေများ နှင့် အထူးရံပုံငွေများကို ရင်းနှီးထားခြင်း။

(က) မိမိတို့ထားရှိသောငွေစာရင်းမှကျခံရမည့်ကုန်ကျစရိတ်အားလုံးကို ပေးပြီးသည့်နောက်၊ နှစ်စဉ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိနေသေးသော လက်ကျန်ငွေများကို၎င်း၊

(ခ) အထူးကိစ္စတခုခု အတွက်ဖြစ်စေ၊ မိမိတို့လိုအပ်သည်ဟု ယူဆသည့်သဘောတူညီပြီး ရံပုံငွေကိုထားရှိရန် အတွက်ဖြစ်စေ၊ ဖယ်ထားသည့် ငွေများကို၎င်း၊ ထို့ပြင်

(ဂ) အဖွဲ့၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ ချက်ခြင်းသုံးစွဲရန် မလိုအပ်သေးသည့်ငွေများကိုငင်း၊

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အာမခံစာချုပ်များကို ဝယ်ယူခြင်းဖြင့်သော်၎င်း၊ နိုင်ငံတော်သမ္မတ၊ ဤကိစ္စအတွက်သဘောတူညီသည့် အခြားအာမခံစာချုပ်များကိုဝယ်ယူခြင်းဖြင့်သော်၎င်း ရင်းနှီးထားနိုင်သည်။ ထို့ပြင်အလွှသည်၊ ရံဖန်ရံခါ ဆိုခဲ့သည့်အာမခံစာချုပ်များကို ရောင်းချ၍ရသောငွေများကို၊ အခြားအလားတူအာမခံစာချုပ်များဝယ်ယူခြင်းဖြင့် ရင်းနှီးထားနိုင်သည်။ သို့တည်းမဟုတ် ထိုရောင်းချငွေများကို အာမခံ စာချုပ်များဝယ်ယူသော ငွေများဆိုင်ရာစာရင်းတွင် တရားနှင့်လျော်ညီစွာ သုံးစွဲနိုင်သည့်ကိစ္စတခုခုအတွက် သုံးစွဲရန်သွင်းနိုင်သည်။

သို့သော် အဖွဲ့က ငွေစာရင်း တခုခုမှထုတ်ရှိရင်းနှီးသည့် ငွေစုစုပေါင်းသော်၎င်း၊ နှစ်စဉ် ရင်းနှီးသည့် ငွေပေါင်းသော်၎င်း၊ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် ငွေပေါင်းထက်မပိုရ။

## အခန်း ၇။

<u>ငွေစာရင်းများ၊ ရ သုံးမှန်းခြေငွေစာရင်းများနှင့် အစီရင်ခံစာများ။</u>

အဖွဲ့က နှစ်စဉ် ရ သုံး မှန်းခြေ ငွေစာရင်းများ ပြုလုပ်ခြင်းနှင့် ထိုခန့်မှန်းခြေစာရင်းများကိုစဉ်းစားဆင်ခြင်ခြင်း။

၂၀။ ။(၁) နှစ်စဉ် ဩဂုတ်လတွင် ကျင်းပရမည့် အထူး အစည်းအဝေး၌၊ ဥက္ကဋ္ဌသည်၊ ရွှေလာမည့် အောက်တိုဘာလ ၁ ရက်နေ့မှ အစပြုသည့် နှစ်အတွက်၊ အဖွဲ့၏ ဝင်ငွေနှင့် အသုံးစရိတ်၊ ရ သုံး မှန်းခြေငွေစာရင်းတခုပြုလုပ်၍၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် အဖွဲ့ကအခါအားလျော်စွာညွှန်ကြားသော အချက်အလက် များကို အကုံအလင် ဖော်ပြလျက်၊ အဖွဲ့က ညွှန်ကြားသည့်ပုံစံဖြင့် အဖွဲ့ဝင်လူကြီးများသို့ တင်ပြရမည်။

(၂) ထို ရ သုံး မှန်းခြေငွေစာရင်းတွင် ပါဝင်သည့် အလုပ်အဆောင်သစ် အားလုံး၏ အကြောင်းအရာများနှင့်တကွ၊ ထိုအလုပ်အဆောင်သစ်များ၏ခန့်မှန်း ရ ကုန်ကျစရိတ်ကိုပါဖော်ပြသည့် နောက်ဆက်တွဲတခုကို ထို ရ သုံး မှန်းခြေငွေစာရင်းတွင် ရှေးဦးစွာတွဲထားရမည်။ ထိုနောက် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များအရ၊ ခန့်ထားခွင့်ပြုသည့် အရာရှိများနှင့် အမှုထမ်းများ၏စာရင်းကိုတွဲထားရမည်။

(၃) ဆိုခဲ့သည့် ရ သုံး မှန်းခြေငွေစာရင်းသည်၊ အပြည့်အစုံပြုလုပ်ပြီးသား ဖြစ်ရမည်။ ထို ရ သုံး မှန်းခြေငွေစာရင်း၏မိတ္တူများကို ရ သုံးမှန်းခြေငွေစာရင်းကို တင်ပြရမည့်အစည်းအဝေးမကိုင်မီ အနည်းဆုံး ဆယ်ရက်ကြိုတင်၍ အဖွဲ့ဝင်လူကြီး အသီးသီးထံသို့ တစောင်စီ စာတိုက်မှသော်၎င်း၊ အခြားတနည်းနည်းဖြင့်သော်၎င်းပေးပို့ရမည်။

(၄) ထိုသို့တင်ပြသော ရ သုံးမှန်းခြေ ငွေစာရင်းကို အဖွဲ့က စဉ်းစား ဆင်ခြင်ရမည်။ အဖွဲ့က သင့်လျော်သည်ထင်မြင်သော ပြင်ဆင်ချက်များကိုပြုလုပ်၍ အတည်ပြုရမည်။

သို့သော် အဖွဲ့က အလုပ်စတင်လုပ်ကိုင်သည့်ပဉ္စမနှစ်အတွက် ထိုသို့အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့အထိ ကာလအပိုင်းအခြားနှင့် သက်ဆိုင်သော ရ သုံးမှန်းခြေငွေစာရင်းကို အဖွဲ့က နိုင်ငံတော်သမတထံလျှင်မြန်နိုင်သမျှ လျှင်မြန်စွာတင်သွင်းရမည်။

ရ သုံး မှန်းခြေ ငွေစာရင်းကို နိုင်ငံတော် သမတထံတင်သွင်းခြင်းနှင့် ရ သုံးမှန်းခြေ ငွေစာရင်းကို ပြင်ဆင်ခြင်း။

၂၉။ (၁) အဖွဲ့ကအတည်ပြုသည့် ရ သုံးမှန်းခြေငွေစာရင်း၏မိတ္တူတစောင်ကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် တင်သွင်းရမည်။ နိုင်ငံတော်သမတက မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း၊ ထိုရ သုံးမှန်းခြေငွေစာရင်းတခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ သဘော တူညီနိုင်သည်။ သို့တည်းမဟုတ် ရ သုံးမှန်းခြေငွေစာရင်း တခုလုံးကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ၊ ခွင့်မပြုဘဲပယ်ချနိုင်သည်။ ထို့ပြင် ထိုရ သုံးမှန်းခြေငွေစာရင်းကိုပြင်ဆင်ရန် ရ သုံး မှန်းခြေငွေစာရင်း ရရှိသည့်နေ့မှ နှစ်လအတွင်း မည်သည့်အချိန်၌မဆို ပြန်ပို့နိုင်သည်။

(၂) ရ သုံးမှန်းခြေ ငွေစာရင်းကိုပြင်ဆင်ရန် နိုင်ငံတော်သမတက ပြန်ပို့လျှင်၊ အဖွဲ့သည် ထို ရ သုံးမှန်းခြေငွေစာရင်းကို ပြင်ဆင်ရန် ချက်ခြင်း ဆောင်ရွက်ရမည်။ ထိုနောက် ထိုသို့ပြင်ဆင်ထားသည့် ရ သုံးမှန်းခြေငွေစာရင်းကိုနိုင်ငံတော်သမတထံသဘောတူညီချက်ရရန် ထပ်မံတင်သွင်းရမည်။

နောက်ထပ် ရ သုံးမှန်းခြေ ငွေစာရင်း။

၃၀။ (၁) ရ သုံးမှန်းခြေငွေစာရင်းကို ခွင့်ပြုသည့် နှစ်အတွင်း မည်သည့်အချိန်၌မဆို၊ အဖွဲ့က နောက်ထပ် ရ သုံးမှန်းခြေ ငွေစာရင်းတခုကို စီရင်ပြုလုပ်စေပြီးလျှင်၊ မိမိတို့ထံသို့ တင်သွင်း စေနိုင်သည်။

(၂) အဖွဲ့ကအတည်ပြုသည့် ထိုနောက်ထပ် ရ သုံးမှန်းခြေ ငွေစာရင်းအသီးသီးကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် အထက်နည်းလမ်းအတိုင်း တင်သွင်းရမည်။ ထိုအခါပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုနောက်ထပ် ရ သုံးမှန်းခြေ ငွေစာရင်းနှင့်လည်းမူလ ရ သုံးမှန်းခြေငွေစာရင်းကဲ့သို့ပင်သက်ဆိုင်ရမည်။

ရ သုံး မှန်းခြေ ငွေစာရင်းရှိငွေများကို လွှဲပြောင်း သုံးစွဲခြင်း။

၃၁။ ဤကိစ္စအလို့ငှါ နိုင်ငံတော် သမတက ပေးသည့် ညွှန်ကြားချက်များနှင့် မဆန့်ကျင်စေဘဲ၊ အထက်ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့် ရ သုံးမှန်းခြေငွေစာရင်းရှိ မည်သည့် ငွေကိုမဆို၊ သို့တည်းမဟုတ် ထိုငွေ၏ မည်သည့် အစိတ် အပိုင်းကိုမဆို သုံးစွဲရန် အခွင့်အာဏာ ပေးထားသော်ငြားလည်း မသုံးစွဲသေးလျှင်၊ ထိုငွေကိုအဖွဲ့ကဆိုခဲ့သည့် ရ သုံးမှန်းခြေငွေစာရင်းတွင် အခြားအသုံးစရိတ်တခုခုအတွက်သုံးစွဲရန်အခွင့်အာဏာပေးထားသည့်ငွေထက်ပို၍သုံးစွဲမိသောငွေကို ကာမိရန်မည်သည့်အချိန်၌မဆိုလွှဲပြောင်းသုံးစွဲနိုင်သည်။

သို့သော် အဖွဲ့ကအတည်ပြု၍၊ နိုင်ငံတော်သမတက သဘောတူညီသော ရ သုံးမှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသည့် အသုံးစရိတ်ငွေ စုစုပေါင်းထက်ပို၍ နိုင်ငံတော်သမတ၏အခွင့်အမိန့်မရဘဲ မသုံးစွဲရ။

**ရ သုံး မှန်းခြေ ငွေစာရင်းတွင် အသုံး စရိတ် ရာ ထားခြင်း မရှိသော ကိစ္စအတွက်ငွေသုံးစွဲခြင်းကို တားမြစ်ပိတ်ပင်ခြင်း။**

၃၂။ ။လွှန်ကဲသည့်အရေးတကြီးကိစ္စများအတွက်မှတပါး၊ ဤအခန်းအရ ခွင့်ပြုထားသည့် အတည်ဖြစ်ဆဲ ရ သုံး မှန်းခြေ ငွေစာရင်းတွင် အသုံးစရိတ် ရာထားခြင်းမရှိလျှင်သော်၎င်း၊ အဖွဲ့ကအတည်ပြုထားသည့် ရ သုံး မှန်းခြေ ငွေစာရင်းကို ပုဒ်မ ၃၁ အရ၊ ငွေလွှဲပြောင်း သုံးစွဲခြင်းဖြင့် ပြင်ဆင်၍ ရာထားချက် မရှိသေးလျှင်သော်၎င်း၊မည်သည့်ငွေကိုမျှအဖွဲ့ကဖြစ်စေ၊ အဖွဲ့အတွက်ဖြစ်စေ၊ သုံးစွဲခြင်းမပြုရ။

**အရေးတကြီး ကိစ္စများအတွက် ကန့်သတ် ထားသည်ထက် ပို၍ သုံးစွဲသော အသုံးစရိတ်နှင့်ပတ်သက်၍ အစီရင်ခံခြင်း။**

၃၃။ ။တနှစ်တွင် စုစုပေါင်းငွေ ငါးထောင်ထက်ပို၍ လွှန်ကဲသည့် အရေးတကြီးကိစ္စများအတွက်သုံးစွဲရမည်ဖြစ်လျှင်၊ ဥက္ကဋ္ဌသည် နိုင်ငံတော်သမတထံသို့၊ ထိုအသုံးစရိတ်ကိုကာမိအောင်၊အဖွဲ့ကမည်သို့စီမံရန် ကြံရွယ်ထားသည်ဟု ဖော်ပြသော ရှင်းလင်းချက်နှင့် တကွအကျိုးအကြောင်းအစီရင်ခံစာတင်သွင်းရမည်။

**မ တည်ကုန်ကျစရိတ်။**

၃၄။ ။နိုင်ငံတော်သမတက အတည်အလင်း ခွင့်မပြုလျှင်၊ အဖွဲ့သည်မည်သည့်အသုံးစရိတ်ကိုမျှငွေရင်းမှကျခံခြင်းမပြုရ။

**ငွေစာရင်းများစီစဉ်ရေးမှတ်ခြင်း။**

၃၅။ ။အဖွဲ့သည် ငွေစာရင်းများကိုကျနစွာထားရှိရမည့်ပြင်၊ ငွေစာရင်းများနှင့်သက်ဆိုင်သော အခြားမှတ်တမ်းများကိုလည်း ထားရှိရမည်။ ထို့ပြင်အဖွဲ့သည် ဘဏ္ဍာရေးနှစ် အသီးသီးနှင့် စပ်လျဉ်း၍၊ နိုင်ငံတော်သမတက ညွှန်ကြားသည့်ပုံစံဖြင့် ငွေစာရင်းဖော်ပြချက်တရပ်ကိုစီစဉ်ရေးသားရမည်။

**ငွေစာရင်းများစစ်ဆေးခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်ကြေငြာခြင်း။**

၃၆။ ။(၁) အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော်သမတက ညွှန်ကြားသည့် စာရင်းစစ်များက ညွှန်ကြားသည့်နည်းလမ်းအတိုင်း စစ်ဆေးရမည်။

(၂) ဤအက်ဥပဒေအရ ငွေစာရင်းများ စစ်ဆေးရန်ကိစ္စအလို့ငှါ၊စာရင်းစစ်များသည် အမိန့်စာဖြင့် မိမိတို့လိုအပ်သည်ဟု ထင်မြင်သောစာအုပ်၊ စာချုပ်၊ပဋိညာဉ်၊ငွေစာရင်း၊ ဘောက်ချာလက်မှတ်နှင့် အခြားစာချုပ်စာတမ်းအားလုံးကို မိမိတို့ထံတင်ပြရန်ဆင့်ဆိုနိုင်သည့်ပြင်၊ထိုစာအုပ်များ၊ စာချုပ်များ၊ပဋိညာဉ်များ၊ ငွေစာရင်းများ၊ ဘောက်ချာလက်မှတ်များ၊ စာချုပ်စာတမ်းများ လက်ရှိဖြစ်သူတဦးတယောက်ကိုသော်၎င်း၊ ထိုစာအုပ်စသည်များနှင့် ပတ်သက်၍ အကျိုးအကြောင်းပြောနိုင်သူ တဦးတယောက်ကိုသော်၎င်း၊ ထိုငွေစာရင်းစစ်ဆေးရာသို့ လာရောက်ရန်ဆင့်ခေါ်၍၊စာအုပ်စသည့်တို့နှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုစေပြီးလျှင်၊ ထိုထုတ်ဖော်ပြောဆိုချက်ကိုလက်မှတ်ရေးထိုးစေနိုင်သည်။

(၃) အဖွဲ့၏ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ အဖွဲ့ကိုစီမံအုပ်ချုပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ ဆိုင်ရာ ဝန်ကြီးဌာနသို့၊ ပုဒ်မ ၃၅ တွင်ရည်ညွှန်းထားသည့်ငွေစာရင်းဖော်ပြချက်မိတ္တူတစောင်ကို၊ထိုဖော်ပြချက်နှင့်ဖြစ်စေ၊ အဖွဲ့၏ငွေစာရင်းများနှင့်ဖြစ်စေ၊ ပတ်သက်သည့် စာရင်းစစ်များ၏ အစီရင်ခံစာနှင့်အတူ အမြန်ဆုံးပေးပို့ရမည်။

(၄) နိုင်ငံတော်သမတသည်၊ ထိုဖေါ်ပြချက်နှင့် အစီရင်ခံစာ အသီးသီး၏မိတ္တူ တစောင်စီနှင့် အက်ဥပဒေအရ မိမိ၏ အလုပ်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့်အစီရင်ခံစာကိုပါ ဝါလီမန်၌တင်ပြရမည်။

၃၇။ ။အဖွဲ့သည် ဘဏ္ဍာရေးနှစ်အသီးသီးကုန်ဆုံးပြီးနောက် လျင်မြန်နိုင်သမျှ လျင်မြန်စွာနိုင်ငံတော်သမတထံသို့၊ ထိုနှစ်အတွင်းအဖွဲ့၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းရမည့်ပြင်၊နိုင်ငံတော်သမတက၊ မိမိလိုအပ်သည့် အကြောင်းအရာကိုပေးပို့ရမည်ဟုဆင့်ဆိုလျှင်၊ထိုအကြောင်းအရာကိုမည်သည့်အချိန်၌မဆိုပေးပို့ရမည်။

## အခန်း ၈။

### <u>အရပ်ရပ် ဆိုင်ရာ။</u>

၃၈။ ။အဖွဲ့၏ ပြုလုပ်မှုနှင့် မှုခင်းကိစ္စအားလုံးကို၊နိုင်ငံတော်သမတ၏အုပ်ချုပ်မှုကိုလိုက်နာ၍ ဆောင်ရွက်ရမည်။

၃၉။ ။မည်သည့် ပဋိညာဉ်မျှ အဖွဲ့၏ အစည်းအဝေး မှတ်တမ်းတွင် ချုပ်ဆိုရန် အခွင့် အာဏာ ပေးထားခြင်း မရှိလျှင်ငှင်း၊ အဖွဲ့၏တံဆိပ် ခပ်နှိပ်ထားခြင်းမရှိလျှင်ငှင်း၊အတည်မဖြစ်စေရ။

ပဋိညာဉ်များ။

၄၀။ ။ဤအက်ဥပဒေအရ အာဏာများ ပေးအပ်ထားသည့် အဖွဲ့ဝင်လူကြီး တဦးတယောက်အပေါ်တွင်၊ မည်သည့်ကိစ္စကိုမဆို၊ဤအက်ဥပဒေအရ ရိုးသားသော သဘောဖြင့် ပြုလုပ်သည့် အတွက်သော်ငှင်း၊ ပြုလုပ်ရန် ကြံရွယ်၍ ဆောင်ရွက်သည့် အတွက်သော်ငှင်း၊ ရာဇဝတ်မှုစွဲဆိုခြင်း၊သို့တည်းမဟုတ်တရားမမှုစွဲဆိုခြင်းမပြုရ၊သို့တည်းမဟုတ် အမှုအခင်းမပြုလုပ်ရ။

တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။

၄၁။ ။အဖွဲ့သည် ဤအက်ဥပဒေပါကိစ္စအားလုံးကိုသော်ငှင်း၊ကိစ္စတခုခုကိုသော်ငှင်း၊ဆောင်ရွက်ရန်အလို့ငှါ၊ဤအက်ဥပဒေနှင့်အညီဖြစ်သော စည်းကမ်း ဥပဒေများကို ပြုလုပ်နိုင်သည်။ သို့သော် ထိုစည်းကမ်းဥပဒေများသည်၊ နိုင်ငံတော်သမတက သဘောတူညီမှ အတည်ဖြစ်ရမည်။

စည်းကမ်း ဥပဒေများ ပြုလုပ်ရန် နောက် ဆက် အာဏာ။

G.U.B.C.P.O.—No. 127, Min of J.A., 18-4-50—1,600—II